နိုး နိုး စာ ပေ



## သားဘီလူး

အမှန်တော့ အဖြစ်အပျက်က ခပ်ရှုပ်ရှုပ်ရယ်။

ဘီလူးတို့အဖွဲ့ အင်္ဂလန်ကို လောင်းလှေနဲ့သွားပြီး တစ်နှစ်ခွဲလောက်ကြာမှ ထန်းတောပိုင်ရှင် ကိုရင်ဒုံးပေသမီး မိပွားက ဒီကလေးကိုမွေးတာ။

ဒါပေမယ့် မိပွားက ဒီကလေးကို ပျောက်ဆုံးသွားရှာပြီဖြစ်တဲ့ ဘီလူးလှဦးနဲ့ အကြောင်းပါပြီးမွေးတာပါဆိုပြီး ဖအေကောင် ဖော်လိုက်တယ်လေ။ ဘုမသိဘမသိနဲ့ မရှိတော့တဲ့ ဘီလူးတောင် ကလေးတစ်ယောက်အဖေဖြစ်ရော။

အသေအချာစဉ်းစားကြည့်လေ ...ဘယ်ကလေးက ၁၅ လလွယ်လို့ ၁၆လ ဖွားမှာလဲ။ သူ့ကျမှ ဘီလူးထွက်သွားပြီး တစ်နှစ်ခွဲကြာမှ။

ကလေးရုပ်ကြည့်တော့လည်း သူကြီးနဲ့တူသလိုလို၊ အုန်းမောင်နဲ့ဆင်သလိုလို၊ နှာခေါင်းကျတော့လည်း မောင်စိုးလိုလို၊ ဂွင်ဂွကျပုံက လယ်ပိုင်ရှင် ဦးစိန်လန်လိုလို၊ အသားအရေက ဖိုးသာအိုလိုလို။ လိုလိုလိုလိုနဲ့ ပိုတယ်ကိုမရှိပါဘူး။ အင်္ဂရုပ်သာ ဟိုလူနဲ့တူနိုးနိုး၊ ဒီလူနဲ့တူနိုးနိုး နော်...။

သောက်ကျင့်ကျမှ ဘီလူးမှ ဘီလူး...တထေရာထဲ။ ကိုင်းပြတ်ကရော။

*

''အလိုတော်ကိုဘီလူး အင်္ဂလန်ကို လောင်းလှေနဲ့မထွက်ခင်တစ်ရက်မှာ သူ့ချက်တော်ကို ဘီလူးလက်တော် မည်းမည်းကြီးနဲ့ သုံးရစ်ဝိုင်းသွားတာပဲ။ အဲဒီတစ်ဝိုင်းကို ခြောက်လနှုန်းနဲ့ ကိုယ်ဝန်ဆောင်လို့ တစ်နှစ်ခွဲကြာတောင် သန္ဓေလွယ်လိုက်ရတာလေ''

မိပွားစကားကို ရွာသားအားလုံး ကြောင်နေကြတယ်။ ဒါ မဖြစ်နိုင်တဲ့ကိစ္စပဲ။ ဒါနဲ့ အတွေ့အကြုံများတဲ့ ဘဒွေးက ''နေပါဦး ချက်ကို လက်နဲ့သုံးရစ်ဝိုင်းရုံနဲ့ ကိုယ်ဝန်မဆောင်နိုင်ဘူး၊ ကိုယ်ဝန်ဆောင်ရင်လည်း တစ်နှစ်မခွဲပါဘူး''

ရွာသားအားလုံးက ချက်ကျလက်ကျ ဘဒွေးစကားကို လက်ခံကြတယ်။

မိပွား ဘာပြန်ပြောတယ်မှတ်လဲ။

''အောင်မလေး...ဇေဒါရီမိခင် သမင်မတောင် တောမှီရသေ့ရဲ့ ကျင်ငယ်ရည်ကိုသောက်ပြီး သန္ဓေလွယ်သေးတာပဲ၊ အခု အပ်ကျမတ်ကျ လက်ကြီးနဲ့ ဟောသလို ဟောသလို ဝလုံးကြီးသုံးလုံးထပ်ဝိုင်းသွားတဲ့ဟာကို ...ဘာလို့ကိုယ်ဝန်မဆောင်နိုင်ရမှာလဲ၊ ဝရှိရင်တော့ ဝိကိုဝိမှာပဲ.. တကတည်းတော် သူတို့မို့ အားအားယားယား လာစပ်စုနေရတယ်လို့''

သူကြီးကိုယ်တိုင် မနေနိုင်တော့ဘူး။ ရွာသားတွေ အားလုံးရောပေါ့။

''ဟဲ့...ဒီမယ်မိပွား ဟိုးရှေးခေတ်က ရာဇဝင်တွေ ဒဏ္ဍာရီတွေကိုဆွဲမပြောနဲ့၊ အခုဒီဘက်ခေတ်မှာ ဘယ်ကလေးက တစ်နှစ်ခွဲမိန်းနေပြီးမှ မွေးဖူးလို့လဲ''

မိပွားက ဘာခံပက်တယ်မှတ်လဲ...။

''ဘာလဲ...သူကြီးက ကျွန်မ သွားလေသူကိုလှဦးနဲ့ သန္ဓေတည်တာ မ

ယုံလို့လား၊ ဒါကိုမှ မကျေနပ်ရင် ဖြစ်နိုင်ချေရှိတဲ့ ဖအေကို လက်ညှိုးရဲရဲကြီး ထိုးပြလိုက်ရမှာလား၊ ဒဂူးညှောင့်ဆို…ကားသွားမယ်''

ဆိုပြီး မိပွားလက်ညှိုး သူ့ဘက်ထောင်လာတာနဲ့ သူကြီးမျက်နှာပျက်သွားတယ်၊ ပြီးတော့ မိပွားကိုတစ်လှည့် ကလေးကိုတစ်လှည့် ကြည့်တယ်။ ပြီးတော့ သူ့ကိုငေးကြည့်နေတဲ့ ရွာသားတွေဘက် ရှက်ကိုးရက်ကန်း ပြန်ကြည့်တယ်။ နောက်မှ ယောင်တောင်ပေါင်တောင်နဲ့ ကလေးကို ပြန်ငုံ့ကြည့်ကာ လေကျကြီးနဲ့…

''အာ..အဟုတ်ဟ၊ ဒါဘီလူးသားမှ ဘီလူးသားအစစ်၊ အခွက်ကိုကြည့်ပါလား ဘီလူးအခွက်နဲ့ ချွတ်စွပ်၊ ခွီးထဲမှပဲ''

ဆိုပြီး တောင်ရှည်ကြီးမပြီးကို လစ်တော့တာကိုး။ ဦးစိန်လန်က ရှေ့ထွက်လာပြီး…ချင့်ချင့်ချိန်ချိန်နဲ့…

''ဟုတ်ရဲ့လား မိပွားရယ်၊ ဗေဒါရီသမင်မဆိုတာ''

သူ့စကားတောင်မဆုံးလိုက်ရဘူး မိပွားက ကလေးခါးထစ် ခွင်လိုက်ပြီး…

''ဗေဒါရီဒဏ္ဍာရီမယုံရင်လည်း ဖခင်ဘယ်သူဖြစ်တယ်ဆိုတာ ရာခိုင်နှုန်းနဲ့ ရှင်းပြရမှာလား ရတယ်နော်..ရတယ်''

ဆိုပြီး မိပွားလက်ညှိုး သူ့ဘက်ကောက်ကောက်ကြီး တက်လာတော့ ဦးစိန်လန်လည်း ရှိုးတိုးရှန့်တန့်ဖြစ်ပြီး ကလေးကိုငုံ့ကြည့်ကာ…

''ဟုတ်…ဟုတ်ပ၊ ယုံပြီ…ယုံပြီ ဒါ ဘီလူးသားမှ ဘီလူးသားအစစ်၊ ဘီလူး အင်္ဂလန်မထွက်မီ မိပွားတို့ နောက်ဖက်ခြံမ်း ကန်စွန်းခင်းကို သေးကော့ပန်းတာ ငါကိုယ်တိုင် မျက်စေ့နဲ့ ဆတ်ဆတ်မြင်တယ်၊ အဲဒီကန်စွန်းရွက် မိပွားစားပြီး သန္ဓေတည်တာဖြစ်နိုင်တယ်၊ တကတည်း

သောက်ကျိုးနဲ့ယုတ္တိကွာ''

ဆိုပြီးတဟေးဟေးတဟားဟားနဲ့ ထွက်သွားတယ်။ သူ့ပြောစကား အတိုင်းဆို မိပွားတင်မဟုတ်ဘူး မိပွားအမေ မိပဲရော ကိုရင်ဒုံးပေပါ ဘီလူးသန္ဓေလွယ်ရနိုင်တယ်။ ဘာလို့လဲဆိုတော့ အဲဒီကနစ်စွန်းခင်း သူ တို့လည်းစားလို့လေ။ အို...သူတို့တင်မဟုတ်ပေါင် တစ်ရွာလုံးလည်း စား ဖူးကြတာပဲ၊ ဒါကိုမှ မိပွားတစ်ယောက်တည်း ကိုယ်ဝန်ဆောင်သွားတာ ကိုပဲ ကြိတ်ဝမ်းသာရမလိုတောင်ဖြစ်နေတယ်..။ ဒါနဲ့လည်းမပြီးသေး ဘူး။

ခေတ်အမြင်နည်းနည်းရှိတဲ့ သူကြီးသမီးခင်မှုံ့ယောကျ်ား မောင်စိုး က...

''ဒါမဖြစ်နိုင်တဲ့ကိစ္စပဲ''

''မဖြစ်နိုင်ရင် ဖြစ်နိုင်တဲ့အကြောင်းတွေ ပြောပြရမလား ကိုရင် မောင်စိုး၊ခြံရဲ့ တောင်ဘက်ထောင့်က သီဟိုဠ်ပင် အောက်မှာလေ''

မောင်စိုးစကားတောင် မဆုံးဘူး မိပွားဆီက ပြတ်ပြတ်သားသား အသံကြားတော့ မောင်စိုး တွန့်ဝင်သွားတယ်။ ပြီးမှ သွားဖြီးကြီးနဲ့ ဟိုကြ ည့်ဒီကြည့်လုပ်ပြီး ကလေးကိုငုံ့ကြည့်ကာ...

''ဟီး...ဟီး ဟုတ်ပါတယ်၊ မယုံမရှိနဲ့ ဒါဘီလူးသားမှ ဘီလူးသား စစ်စစ်...ကြည့်ပါဦး သွားစွယ်ကလေးကို လှဲ့လို့ အဟစ်''

ဆိုပြီး လစ်ထွက်သွားပြန်လေရောလား။ အမှန်က ကလေးက သွားဖုံးငုံးတိနဲ့၊ ဘာသွားစွယ်မှ မရှိဘူး...။မိပွားက အားလုံးကို လက်ညှိုး ငေ့ထိုးပြီး...

''ကဲ...ဒီကလေးဟာ ကိုလှဦးနဲ့ရတာ မဟုတ်ဘူးလို့ ဘယ်သူငြင်းချင်

သေးလဲ၊ ဦးချက်ဖောင်းလား၊ ကိုအုန်းမောင်လား၊ကပ္ပိယဦးဇာတာလား၊ ဖိုးသာအိုလား၊ ဘဒွေးကြီးလား.. ကဲ... ပြော''

ဆိုတော့ သူလက်ညှိုးထိုးခံရတဲ့သူ၊ အမည်ခေါ်ခံရတဲ့သူအားလုံး မျက်နှာကြီးတွေပြီ(ပြေ)၊ ပေါင်ကြားထဲ လက်ဝှက်လို့...။

''ဟုတ်ပါတယ်...ဒါ ဘီလူးသားမှ ဘီလူးသားပါ''

''မှန်ပါတယ်၊ ဒါ ဘီလူးသားအစစ်ပါပဲ''

''ဘာမှစောဒက မတက်တော့ပါဘူး။ ဟုတ်ပါတယ် ဘီလူးသားပါပဲ...''

ဆိုပြီး အလျှိုလျှိုပျောက်ကုန်ကြတယ်။ မလစ်လို့ မဖြစ်ဘူးလေ မိပွားလက်ညှိုးက အကြောင်းရွေးတာမဟုတ်ဘူးကို။ ဒါပေမယ့် ရွာသားအားလုံးကတော့ မိပွားအိမ် ဝင်ချည်ထွက်ချည်နဲ့ ကလေးသွားကြည့်လိုက်၊ ဘယ်သူနဲ့အတူနိုင်ဆုံးလဲ ခန့်မှန်းလိုက်နဲ့... ရှုပ်ရှက်ကိုခတ်နေတာပဲ...။

*

ဇာတ်လမ်းရဲ့အစက ဒီလို...

ဘီလူး၊ မောင်ကောင်း၊ ငပိန်၊ ကျွဲကြီး လေးယောက် အင်္ဂလန်ကို လောင်းလှေနဲ့ ထွက်ပြီး သိပ်မကြာခင်မှာပဲ မိပွားတစ်ယောက် ဘာဖြစ်တယ်မသိဘူး နတ်ပဲဝင်ပူးသလိုလို၊ တစ္ဆေပဲ အလိုက်ခံရသလို၊ မီးယပ်ချမ်းပဲ ထသလိုနဲ့ ကတုန်ကယင်ဖြစ်ပြီး ကယောင်ကတမ်းတွေ ပြောနေတော့တာကိုး။

ဆေးဆရာ ဖိုးသာအိုကတော့ သိတယ်မဟုတ်လား ရောဂါအမည်ဖော်မရရင် ပယောဂပဲဆိုပြီး ကုနေကျ။ ဘယ်လိုကုကု ဘယ်လိုမှကို မ

သက်သာဘူး။ အချိန်တန်ရင်...

''ဟယ်...မောင်ကြီး နှမလေးကို မမှတ်မိတော့ဘူးလား၊ မောင်ကြီး လာမယ်ဆိုလို့ နှမလေးမျှော်နေတာ''

ဆိုပြီး တွေ့ကရာလူကို ပေါက်ကရ လျှောက်ပြောနေတော့တာ။ တစ်ခါတလေလည်း...

''ဟယ်...သူရဲကြီးလာနေပြီ...ကိုရင်ရေ ကျွန်မကြောက်လို့ ကျွန်မကို ဖက်ထားစမ်းပါဦး''

ထအော်လိုအော်နဲ့ ရောဂါက ဘယ်လိုမှကို မပျောက်နိုင်ဘူးဖြစ်နေတာ။ သူ့အမေ မိပဲကတော့ သူတို့မျိုးရိုး သူတို့ယုံလို့ဖြစ်မယ်။ သူ့သမီးဖြစ်နေတာကိုကြည့်ပြီး တစ်ခွန်းထဲပြောတယ်။ မသိရင် သူ့ရိုးရာကျနေတာပဲ။

''အဲဒါ လင်တရူးနေတာ''

တဲ့။ ဟုတ်လား မဟုတ်လားမသိဘူး။ ဖြစ်လိုက်တဲ့ ရောဂါဟာ မိပွားကိုယ်ဝန်လွယ်တဲ့အချိန်ကျမှ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားတော့တာပါပဲ။ အခု ကလေးတစ်ယောက် အမေအပျိုကြီးဘဝနဲ့ စမတ်ကိုငွမ်လို့၊ သူ့ကလေးက သားဘီလူးလေ။ ဘီလူးလက်တော်နဲ့ သူ့ချက်တော်ကို သုံးရစ်ရစ်သွားလို့ ကိုယ်ဝန်ဆောင်ရတာဆိုတဲ့ ကလေးပေါ့။

ဒီကိစ္စ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ သိတယ်။ ဟုတ်တယ် မဟုတ်လား။ အဓိပ္ပါယ်မှ မရှိတာ။ ဒါပေမယ့် ဘယ်သူမှ မပြောရဲဘူး။

ဘာလို့လဲဆိုတော့ မိပွားတို့ထန်းတဲ မူးပြီးမအိပ်ဘူးတဲ့ ယောကျာ်းသားတစ်ယောက်မှမရှိတာ။ သူကြီးက၊ ဘဒွေးက အစ၊ ဦးချက်ဖောင်း၊ ဦးဇာတာအဆုံး အကုန်လုံးအတုန်းအရုန်း အိပ်ဖူးကြတာကိုး။ ဖြစ်နိုင်

ချေက လူတိုင်းခုနစ်ဆယ်ရာနှုန်းချည်းပဲ။ လက်ဆကလည်း သူမသာ၊ ကိုယ်အသုဘကြီးပဲကိုး။

ဒါကြောင့်လည်း တစ်ရွာလုံး မိပွားရဲ့စကားကို လက်ခံပြီး ဒီကလေးကို ဘီလူးသားအဖြစ် ဖော့ထားလိုက်ကြတယ်။

ပြည်ထောင်စုဘွား ဘီလူးသားလေးပေါ့။ နာမည်က...

သားဘီလူးလှထူးတဲ့။

*

ဒါ ဇာတ်လမ်းအစလို့ထင်လား...

မဟုတ်ဘူး ရှိသေးတယ်။

ဘီလူးတို့ အင်္ဂလန်ကို လောင်းလှေနဲ့ ထွက်သွားပြီး သိပ်မကြာခင်မှာပဲ ခင်မှူးတစ်ယောက် မောင်စိုးကို ကောက်ကာငင်ကာ လက်ထပ်လိုက်တယ်။

ခါတိုင်းဆို မောင်စိုးမြင်တာနဲ့ အရက်သမား ဖဲသမားဆိုပြီး တစ်ဆဲထဲဆဲနေတဲ့ ခင်မှူးက သူကြည့်မရတဲ့သူကို ကောက်ကာငင်ကာ လက်ထပ်လိုက်တော့ တစ်ရွာလုံး အံ့အားသင့်သွားတယ်။ နောက်ထပ် အံ့အားသင့်စေတဲ့ ပြကွက်ရှိသေးတယ်။

ဘာကြာလို့လဲ...လေးလလားပဲ၊ ငါးလတောင် ပြည့်ပေါင် ခင်မှူးတစ်ယောက် သားရတနာလေးတစ်ပါး ဖွားမြင်ပါလေရောလား။

ဒီမှာ အားလုံးအံ့အားသင့်စေတဲ့အချက်က ငါးလ မပြည့်တပြည့်မှာတင် သားယောကျ်ားလေး မွေးတယ်ဆိုတဲ့ကိစ္စပဲ။

မိန်းကလေးတစ်ယောက် တစ်ယောက်ကိုတောင် ခုနှစ်လလောက် ကိုယ်ဝန်ဆောင်ရတာပဲ၊ ဘယ်သူမှမပြောပါဘူး။ အခုဟာက ငါးလတောင်မပြည့်ဘဲနဲ့ သားယောကျ်ားလေး မွေးလာတယ်ဆိုတော့ အားလုံး စဉ်းစားစရာဖြစ်လာတယ်။ နောက် ... လူတိုင်း ဇဝေဇဝါဖြစ်စေတဲ့ အချက်ရှိသေးတယ်။ တစ်ရွာလုံး သိတော်မူကြတဲ့အတိုင်း မောင်စိုးဆို

တာကလည်း အချော၊ ခင်မှုကလည်း ကွမ်းတောင်ကိုင်။ မွေးလာတဲ့ ကလေးကျမှ ရုပ်ဆိုးချက်က ပြောကွက်ကိုမရှိဘူး။ ဘယ်လိုကြည့်ကြည့် ကျက်သရေမရှိတဲ့အခွက်။ ဘယ်နေရာလက်ညှိုးထိုးထိုး အပြစ်ရှိပါ တယ်ဆိုတဲ့အခွက်။

ကလေးမွေးပြီးပြီးချင်း မီးတွင်းမှာတင် သူကြီးက ကလေးကိုကြည့် ပြီး လန့်အော်တယ်။

''ဟာ...ဒါဘီလူးလှဦးရုပ်''

ဟုတ်တယ်။ ရုပ်က သွားလေသူဘီလူးလှဦးနဲ့ တစ်ထပ်တည်း။ မွေး ကတည်းက စပ်ဖြဲဖြဲနဲ့။ အားလုံးကလည်း လာကြည့်တယ်။ ဟုတ်တယ်။

ဒီအခွက်မြင်တာနဲ့ ဒါဘီလူးအခွက်ဟေ့ဆိုတာ ဘယ်လိုမှ ငြင်းလို့မရ ဘူး။ ဒါကို မောင်စိုးက မကျေနပ်လို့ ခင်မှုံ့အဖေ သူကြီးကိုသွားပြော တယ် ...ဟုတ်တယ်လေ...ကလေးတစ်ယောက် ငါးလနဲ့မွေးလို့ရလား...

'' အဖေ အဲဒါရှင်းဦး..ယောကျ်ားလေးတစ်ယောက်ကို ငါးလနဲ့မွေးလို့ ရလား...''

သူကြီးက မောင်စိုးကို မှုံတေတေကြည့်တယ်...ပြီးမှ

'' မင်းနဲ့ ငါ့သမီးပေါင်းတာ ဘယ်နှစ်လလဲ...''

'' ငါးလပါ...''

'' အေး...ငါ့သမီး မင်းနဲ့အတူတူနေတာရော..ဘယ်နှစ်လလဲ...''

'' ငါးလပဲလေ...''

'' အေး...ငါးနှစ်လီ တစ်ဆယ်၊ နောက်ကို ငါ့ကိုလာ မရှုပ်နဲ့'' တဲ့...။ သိတယ်မဟုတ်လား...သူကြီးကအတည်။

နောက်ပြီး အားလုံးကလည်း မှတ်မိကြတယ်လေ။ ဘီလူးတို့အဖွဲ့ အင်္ဂလန်မသွားခင် ဘီလူးအိမ်ကို ညဖက်ညဖက် လူခြေတိတ်ချိန် ဆွမ်းအုပ်ကလေးနဲ့ ထွက်ထွက်လာတာ ဘယ်သူလဲဆိုတာ။

ကလေးကိုကြည့်ပြီး သူ့အဖေမောင်စိုးတောင် တောက်ခတ်ယူရတယ်။

''တောက်...ငါ့မှာတော့ သားယောကျ်ားလေးမွေးလို့ ရွှေပန်းလေး မှတ်နေတာ...''

နောက်ပိုင်း ဘာဆက်ပြောတယ်ဆိုတာ မပြောတော့ပါဘူး။ ကိုယ့်ဘာသာကိုယ် စဉ်းစားယူပေါ့။

ဒါကြောင့် တစ်ရွာလုံးကလည်း ဒီကလေးကို နာမည်ပေးတယ်။

သားဘီလူးလှကြူးတဲ့။

ခင်မှုံကတော့ ပြုံးပြုံးပဲ။

*

လှထူးနဲ့လှကြူးက တစ်နှစ်ထဲမွေးတာပါ။ လှကြူးကို ခင်မှုံက နှစ်အစပိုင်းမှာမွေးပြီး လှထူးကို မိပွားက နှစ်အဆုံးပိုင်းမှာမွေးတာ။ ခုနှစ်အနေနဲ့ပြောရင်တော့ တစ်နှစ်ထဲပေါ့။ ဒါပေမယ့် လှကြူးကအကြီး၊ လှထူးကအငယ်။

ငယ်စဉ်ကတော့ နှစ်ယောက်သား တည့်ကြပါရဲ့။ ဒါပေမယ့် သိတယ်မဟုတ်လား ကြီးလာတော့ထုံးစံအတိုင်း တစ်ယောက်ကိုတစ်ယောက် စောင်ကြ၊ မာန်ဖီကြ။ ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်နဲ့ တည့်တစ်ချက် မတ

ည့်တစ်ချက်ပဲ။

အဲ...ဒါပေမယ့် မဟုတ်တာလုပ်ရမယ်ဆိုရင်တော့ လက်ညှိုးတယ်။ တိုင်ပင်စရာမလိုဘူး။ တစ်ယောက်လုပ်ရင် တစ်ယောက်ကပါပြီးသား။ အဲဒီအချိန်မျိုးဆိုရင်လည်း သူတို့ကိုယ်သူတို့ ညီအစ်ကိုကမှ အမြွှာလို့ကို သတ်မှတ်တာ။ တစ်နှစ်ကြီး တစ်နှစ်ငယ်အမြွှာလေ။

နောက်တစ်ခုရှိသေးတယ်...ဘယ်သူကဘယ်လို ပုံစံသွင်းခဲ့တယ်ရယ် တော့မသိဘူး။ သူတို့ကိုယ်သူတို့လည်း ဘီလူးလုဦးရဲ့သားအဖြစ်ကို ခံယူထားကြတယ်။

မြင်သာရွာက လူစွမ်းကောင်းကြီးဘီလူးလုဦးရဲ့သားလေ။

ဘီလူး ဘယ်လောက် ပေါက်ကရလုပ်ခဲ့တာ သူတို့မသိဘူး။ သူတို့သိတာ ရွာသားတွေပါးစပ် ပုံပြင်လိုပြောနေကြတဲ့ အတိုးချေးစားတဲ့ ချစ်တီးကို ဆုံးမခဲ့တဲ့ဘီလူး။ ရွာကိုလာလိမ်တဲ့ လူလိမ်မင်းသားကို ပညာပြခဲ့တဲ့ဘီလူး။ ဝိတိုရိယဘုရင်မကို ဓားထောက်လုပ်ကြံပြီး မြန်မာပြည် လွတ်လပ်ရေး တောင်းရအောင် လောင်းလှေနဲ့ ထွက်သွားတဲ့ လူစွမ်းကောင်းဘီလူး။ အဲဒီလောက်သိရုံနဲ့ သူတို့ကိုယ်သူတို့ လူစွမ်းကောင်းကြီး ဘီလူးလုဦးရဲ့သားစစ်စစ်အဖြစ် လက်ခံထားကြတာ။

သူတို့ရဲ့စိတ်ထဲမှာလည်း နောင်တစ်ချိန်ကျရင် သူတို့ရဲ့ဖခင် ဘီလူးလုဦးလို လူလေးစားခဲ့ရတဲ့ လူစွမ်းကောင်းကြီး ဖြစ်ချင်ကြတယ်။

ဒီလိုနဲ့ပဲ မြင်သာရွာလည်း သူတို့ကြောင့် ဖြောင်းသလန်တွေ ဆန်ကုန်တာ။

*

ပြောရဦးမယ်...

မြင်သာရွာမှာ လက်ရှိဩဇာအကြီးဆုံးလူက သူကြီးဦးဖိုးတူ မဟုတ်တော့ဘူး။ ဦးဖိုးတူက သူ့သမီးခင်မှုံ မောင်စိုးနဲ့ညားပြီးကတည်းက သူကြီးဘဝကနေနားပြီး သူ့သားမက်မောင်စိုးကို သူကြီးရာထူးခန့်အပ်ပြီး နှစ်လုံးပြူးကြီး လက်ပြောင်းပေးလိုက်တာ။

မောင်စိုးကလည်း သိတယ်မဟုတ်လား။ အစကတည်းက အရက်သမား၊ ဖဲသမား၊ မြင်းကဒပ်သား။ တစ်ရွာသားက သူကြီးလာတက်ဖြစ်တယ်ဆိုတော့ စဉ်းစားသာကြည့်။ ဒီကြားထဲ သားတော်မောင် လုကြူးကိုပါ မွေးချထားတာဆိုတော့ ကုန်ရော။တစ်ရွာလုံး ဘယ်သူကမှ လေးစားလို့ကို မရတော့ဘူး။

ရွာသားအားလုံးလည်း ဘယ်သူ့အဖေခေါ်ရမှန်းမသိ ဖြစ်နေကြတယ်။ မောင်စိုးကိုကျလည်း မော်မဖူးချင်ဘူးလေ။

ဖြစ်ချင်တော့ အဲဒီအချိန်မှာပဲ ရွှေမြို့တော်က ပြည်ပြေးဝန်မင်း တစ်ပါး ရွာကိုရောက်လာတယ်။

ကျင်တော်ဝန်မင်း...တဲ့။ နာမည်ရင်းက မောင်ဝိုင်း။ ဒါပေမယ့် နန်းတွင်းကတော့ ထိပ်တင်လက်လို့ခေါ်ဆိုပဲ။ လူပုံက ဖြူဖြူ၊ ထောင်ထောင်မောင်းမောင်းနဲ့ အသက်ကလေးဆယ်ကျော် ငါးဆယ်နားမှာ။

ဥပမိရုပ်က အလွန်ကောင်းတဲ့အပြင် သူ့ကိုကြည့်လိုက်ရင် အမြဲသန့်ပြန့်နေတာပဲ။

သာမန်ထက် ထူးခြားချက်ကတော့ နဖူးပဲ။ နဖူးက မြင်ဖူးနေကြလူ

တွေထက် ပိုလို့ကိုပြောင်နေတယ်။

ချည်သားအင်္ကျီအဖြူကိုပဲ ပိုးပုဆိုးအမျိုးမျိုးနဲ့ တွဲဝတ်တတ်တဲ့အပြင် လက်ထဲမှာ ကျည်ပွေ့မရှိတရှိ ယင်းတိုက်သားအမည်းကြီးတွေကို တစ်ခုပြီးတစ်ခု သွေးနေတတ်တယ်။ အဲဒါကြီးကို သူပြောတော့ ကျိုင်းတုတ်တဲ့။

စကားနည်းတယ်။ အနေတည်တယ်။ ဘယ်အရာမဆို စေ့စေ့စပ်စပ် ရှာဖွေကြည့်တတ်တယ်။ နောက် သူက မင်းတုန်းမင်းလက်ထက်ထဲက သူ့အဖေက ကျင်တော်ဝန်မင်း။ သူ့အဖေဆုံးပြီးတော့လည်း မင်းတရားကိုယ်တိုင် သူ့ကို ဒီရာထူးပေးခဲ့တာ။ အဲဒီတုန်းက သူ့အသက် ဘာရှိမှာလဲ။ နှစ်ဆယ်ကျော်ရုံပေ့ါ။ မင်းတုန်းမင်းနတ်ရွာစံပြီး သီပေါဘုရင်ထပ်တက်တော့လည်း အရိုက်အရာမလျှော့ပဲ ဒီရာထူးနဲ့ပဲ နန်းတော်ထဲ ဆက်လက်နေခဲ့ရတယ်။ သူ့လက်အောက်မှာမှ ကျိုင်းတော်ကိုင်တွေ ရှိသေးပေမယ့် ဘုရင့်အတွင်းရေးကိစ္စတွေကိုတော့ သူကိုယ်တိုင်ပဲ ကိုင်ရသတဲ့။

နောက်ပြီး ဘုရင့်ရှေ့တော်မှောက် ဥဒဟိုဝင်နိုင်ထွက်နိုင်တာဆိုလို့ သူတစ်ဦးတည်းရှိတယ်ဆိုပဲ။ ရှင်ဘုရင်နဲ့ အရင်းနှီးဆုံး နေခဲ့ရသူပေ့ါ။

သီပေါဘုရင် ပါတော်မူသွားတော့ အမှန်ဆို သူလည်း ရှင်ဘုရင်ပါတော်မူရာ ရတနာဂီရိကို လိုက်ရမှာ။ အဲဒါကိုမှ လိုက်မသွားဘဲ မြင်သာရွာမှာ လာရောက်ခိုလှုံသတဲ့။ နယ်ချဲ့တွေကို အခွင့်အခါသင့်ရင် ပြန်တော်လှန်ဖို့တဲ့လေ။

စိတ်ဓာတ်က လေးစားစရာ။

*

''မင်းတရားကြီးအကြောင်းတော့ ပြောမနေပါနဲ့ကွာ၊ အူမချေးခါး အစ ငါအကုန်သိတယ်''

ရွာသားတွေဆို ကျင်တော်ဝန်မင်းကြီးပြောသမျှ ငေးနားထောင်ရတာ။

''အမှန်တော့...တို့ဘဝရှင်ကတော်တော်ရယ်၊ ဟိုကောင် ရနောင်မောင်မောင်တုတ်က ကဲကဲ''

''နန်းတော်ထဲ မိန်းမတစ်ရာလောက် ယူထားတဲ့အပြင် တွေ့ကရာ ဝန်မင်းတွေကို သူချည်း ဖိဟောက်နေတာ''

''ကျုပ်ကိုတော့ ရပေါင်ဗျာ၊ ရှင်ဘုရင့်နောက် ကျုပ်ပြေးကပ်လိုက်တာနဲ့ သင်းမျက်နှာလွှဲနေရတာ''

ရွာသားအားလုံးက ရှင်ဘုရင်ကို နေ့စဉ်ဝင်ဖူးနေရတဲ့ ကျင်တော်ဝန်မင်းဘဝ အားကျနေလေရဲ့။

လူပုံက ဖြူဖြူသန့်သန့် ခန့်ခန့်အပြင် နှုတ်ခမ်းမွေးရေးရေးနဲ့ ရွှေတံဆိပ်တွေပါတဲ့ ပတ်ပေါင်းကြီး ပေါင်းထားတာဆိုတော့ ပြောမနေနဲ့။ အမြဲတမ်းလုပ်နေကျ ရင်းတိုက်သားကြိုင်းတုတ် အရှယ် တော်ကို ဓားပါးလေးနဲ့ သွေးနေတာများ လွှတ်ကြည့်ကောင်း။

''အဲဒီတုန်းကကွာ... ပြောရမှာတောင် အော့နှလုံးနာပါရဲ့၊ ရွှေလုံ့ဗိုလ် ဖမ်းမမိနိုင်တဲ့ ဓားပြဗိုလ်ရန်နိုင်ရန်ပိုင်ညီအစ်ကိုနှစ်ယောက်ထဲက တစ်ယောက်ကို မောင်မောင်တုတ် ဘယ်နှယ့်မိလာတယ် ပြောတတ်ပေါင်ကွာ၊ ရွှေလုံ့ဗိုလ်ကလည်း သူနဲ့ယှဉ်ဖက်ဟာကိုး၊ အဲဒါနဲ့ ရွှေလုံ့ဗိုလ်ကို သူ့အိမ်ဖိတ်ပြီး သူ့မိန်းမတွေကို ညှော့ခံခိုင်းသကွ။ အဲ...ပြီးတော့မှ မောင်

မောင်တုတ်က ရွှေလုံ့ဗိုလ်ကို လူကလီစာ စားဖူးလားဆိုပြီး မေးတယ်။ လူအူက သိပ်ချိုတယ်ဆိုပြီး သူဖမ်းထားတဲ့ ဓားပြဗိုလ်ကို စားပွဲပေါ် ကားယားတင်ပြီး ဗိုက်ကိုဓားနဲ့ထိုးခွဲသတဲ့၊ ဘေးနားက သူ့မိန်းမတွေဆိုတာ ပြေးတဲ့သူပြေး သွေးပျက်တဲ့သူပျက်တွေ ဖြစ်ကရောပဲ''

ရွာသားတွေက ကျောင်းတော်ဝန်မင်း ပြောသမျှကို မှတ်သားနေရတော့တာကိုး။

''တို့ဘဝရှင်ကြီး ဒီလိုဖြစ်တာ သင်းတို့စနက် ဘယ်ကင်းပါ့မလဲလေ၊ အခု ဘဝရှင်မင်းကြီး မရှိတော့ပေမယ့် တို့တတွေ ဒီမျက်နှာဖြူတွေကို ရရာလက်နက်စွဲပြီး ပြန်လည်တိုက်ခိုက်အနိုင်ယူရမယ်ကွဲ့၊ အဲဒီတော့မှ ထိုက်တန်သူကို နန်းပြန်တင်ပြီး ကျုပ်ကတော့ ကျောင်းတော်ဝန်ဘဝနဲ့ပဲ မင်းတရားအပါး ပြန်လည်ခစားမယ်ကွယ်၊ အင်း...အဲဒီအချိန်ကျရင် ငါ့လက်အောက် ကျိုင်းကိုင်ဖို့ မောင်စိုးမြင်တာပဲ''

ကျောင်ဝန်မင်းကြီး အပြောကြောင့် မောင်စိုး သဘောခွေ့သွားတယ်။ စဉ်းစားကြည့်လေ...ဘုရင့်ကြိုင်းတော်ကိုင်ဆိုတဲ့ ရာထူး နည်းလား။

နောက်ပြီး သူကျောင်တော်ဝန်မင်းကြီးကိုလည်း လေးစားပြီးရင်း လေးစားရင်း ဖြစ်နေကြတယ်။ ဟုတ်တယ်လေ... ကိုယ့်ဘာသာကိုယ် ကြိုးစားပြီး ရွှေနန်းပြန်ရရင်တောင် ဘုရင်မလုပ်ဘဲ ကျောင်တော်ဝန်မင်းသာ ပြန်လုပ်မယ်ဆိုတော့ သူ့ခံယူချက်က မမြင့်မြတ်လား။

ဒါကြောင့် တစ်ရွာလုံး ကျောင်တော်ဝန် ထိပ်တင်လက်ကိုလေးစားကြတာ။

နောက်ကြည့် ဦးကျောင်တော်ဝန်မင်း ပြောပုံ...

''ဘဝရှင်မင်းတရားကြီး ပါတော်မူတော့ ရတနာဂီရိကို အင်္ဂလိပ်

သဘော်ကြီးနဲ့ တင်ဆောင်နေတုန်း ကျုပ်က သဘော်ကြီးပေါ်တက်ပြီး ဘာပြတ်ပြတ်သားသား သံတော်ဦးတင်ခဲ့တယ် မှတ်တုန်း...''

''ဘာပြောခဲ့လဲ ဝန်မင်းဘုရား''

မောင်စိုးက မေးတယ်။ ကျင်တော်ဝန်မင်းကလည်း ပြတ်ပြတ်သား သား ပြန်ဖြေတယ်။

''အရှင်မင်းကြီး ဟိုဖက်နည်းနည်းတိုး၊ ကျုပ်လည်းလိုက်မယ်ဆိုပြီး တော့ကို ရင်ကော့ပြောခဲ့တာ''

အားလုံးက ကျင်တော်ဝန်မင်းအပြောကို ရင်ဘတ်ထိသွားတယ်။ ဟိုး အမြင့်ကြီးပေါ်က ပြုတ်ကျသွားသလို ခံစားကြရတယ်။

''ဘဝရှင်မင်းတရားကြီးကလည်း ကျုပ်ကို ပြတ်ပြတ်သားသား ပြန် မြွက်တယ်''

ဘုရင့်စကားဆိုတော့ အားလုံးသိချင်နေကြတယ်။ တစ်ဆင့်စကား ဆိုပေမယ့် ဘဝရှင်စကား ကြားမှကြားဖူးပဲ။

''ဟဲ့...ထိပ်တင်လက်...သဘော်ပေါ်လူများနေပြီ မောင်ရင် ဆင်း ကျန်ရစ်ခဲ့''တဲ့။

''ဘဝရှင်သည်လို ပြတ်ပြတ်သားသား မြွက်ကြားလို့ ကျုပ် ဒီမှာကျန် ခဲ့ရတာ'' အားလုံးက လက်သီးကျစ်ကျစ်ပါအောင်ဆုပ်၊ နှုတ်ခမ်းကိုမဲ့ပြီး မာန်နဲ့ထန်နဲ့နားထောင်တယ်။ သူတို့ရဲ့ စိတ်ထဲမှာလည်း ဘဝရှင် မင်းတရားကို အနီးကပ် ဒီလိုရဲရဲတင်းတင်း ပြောရဲတဲ့ဝန်မင်းကို စိတ်ထဲ က လေးစားအားကျနေတယ်။

အဲ...မလေးစားတဲ့ လူနှစ်ယောက်တော့ရှိရဲ့။ အဲဒီသူတွေက ဆရာမ နိုင် နှစ်ကောင်ပြိုင်လေ။

ကျောင်တော်ဝန်မို့ ဆုံပြီဆိုတာနဲ့ ထိပ်တင်လက်ကြီး နန်းတွင်း အကြောင်းတွေ မဖောတော့ဘူးလားဆိုပြီး ရိတော့တာ.. ထားတော့။

*